မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄၉ ] ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် ( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက် ) } သောကြာနေ့ [ အတွဲ ၆၈

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်

( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် )

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဖွဲ့စည်းခြင်း**

သတင်းမီဒီယာဥပဒေပုဒ်မ ၁၃ အရ **"မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (၁) | ဦးခင်မောင်လေး (ခ) ဖိုးသောကြာ (ခေတ်+မိုး) | ဥက္ကဋ္ဌ |
| (၂) | ဦးဖေမြင့် | ဒုတိယဥက္ကဋ္ဌ (၁) |
| (၃) | ဒေါက်တာမျိုးသန့်တင် | ဒုတိယဥက္ကဋ္ဌ (၂) |
| (၄) | ဦးမင်းဟန် | ဘဏ္ဍာရေးမှူး |
| (၅) | ဒေါက်တာမောင်မောင်စံ | စာရင်းစစ် |
| (၆) | ဦးဟန်ညွန့် (ဦးဟန်ညွန့်ဥပဒေ) | အဖွဲ့ဝင် |
| (၇) | ဦးအောင်လှထွန်း | အဖွဲ့ဝင် |
| (၈) | ဦးတင်မောင်အေး | အဖွဲ့ဝင် |
| (၉) | ဦးဇေယျ | အဖွဲ့ဝင် |
| (၁၀) | ဦးမြင့်ကျော် | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာတင်လှိုင် (ဘိုးလှိုင်) | အဖွဲ့ဝင် |
| (၁၂) | ဦးအုန်းကြိုင် (ဟံသာဝတီဦးအုန်းကြိုင်) | အဖွဲ့ဝင် |
| (၁၃) | ဒေါက်တာတင်ထွန်း (သထုံတင်ထွန်း) | အဖွဲ့ဝင် |
| (၁၄) | ဦးချစ်နိုင် (စိတ်ပညာ) | အဖွဲ့ဝင် |
| (၁၅) | ဦးသိမ်းစိုး | အဖွဲ့ဝင် |
| (၁၆) | ပါမောက္ခဒေါက်တာဦးမြင့်မောင်မောင် | အဖွဲ့ဝင် |
| (၁၇) | ဒေါက်တာဇော်သန်း | အဖွဲ့ဝင် |
| (၁၈) | ဦးမျိုးမင်းယု (ခ) ဦးမျိုးကိုမျိုး | အဖွဲ့ဝင် |

(၁၉) ဦးဇေယျာလှိုင် အဖွဲ့ဝင်
(၂၀) ဦးခိုင်မြတ်ကျော် အဖွဲ့ဝင်
(၂၁) ဦးဟံသာညိန်း (အေဂျင်စီ) အဖွဲ့ဝင်
(၂၂) ဦးသီဟစော အတွင်းရေးမှူး
(၂၃) ဒေါ်သင်းသင်းသာ တွဲဖက်အတွင်းရေးမှူး (၁)
(၂၄) ဦးကျော်စွာမင်း တွဲဖက်အတွင်းရေးမှူး (၂)

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်

( ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက် )

**နေပြည်တော်ကောင်စီ နယ်မြေဒေသဖွံ့ဖြိုးမှုစီမံကိန်း (Spatial Development Plan) ရေးဆွဲအကောင်အထည်ဖော်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်ကောင်စီ နယ်မြေဒေသဖွံ့ဖြိုးမှုစီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပါသည် -

(က) နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဥက္ကဋ္ဌ
(ခ) နေပြည်တော်ကောင်စီဝင် (စိုက်ပျိုးရေးနှင့် မွေးမြူရေး) အဖွဲ့ဝင်
(ဂ) နေပြည်တော်ကောင်စီဝင် (လူမှုရေး) အဖွဲ့ဝင်
(ဃ) နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဖွဲ့ဝင်
(င) နေပြည်တော်ဆည်မြောင်းဦးစီးဌာနမှူး အဖွဲ့ဝင်
(စ) နေပြည်တော်စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး အဖွဲ့ဝင်
(ဆ) နေပြည်တော်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး အဖွဲ့ဝင်
(ဇ) နေပြည်တော်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး အဖွဲ့ဝင်
(ဈ) နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးရေးညွှန်ကြားမှုဦးစီးဌာနမှူး အဖွဲ့ဝင်
(ည) နေပြည်တော်သစ်တောဦးစီးဌာနမှူး အဖွဲ့ဝင်
(ဋ) နေပြည်တော်လျှပ်စစ်ဓာတ်အားဦးစီးဌာနမှူး အဖွဲ့ဝင်
(ဌ) နေပြည်တော်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှူး အဖွဲ့ဝင်
(ဍ) နေပြည်တော်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ကိုယ်စားလှယ်) အဖွဲ့ဝင်
(ဎ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ/ စည်ပင်သာယာရေးအဖွဲ့ (ကိုယ်စားလှယ်) အဖွဲ့ဝင်
(ဏ) ပုဂ္ဂလိကကဏ္ဍ (ကိုယ်စားလှယ်) အဖွဲ့ဝင်
(တ) နေပြည်တော်ကောင်စီဝင် (စီမံကိန်းနှင့် စီးပွားရေး) အတွင်းရေးမှူး
(ထ) နေပြည်တော်စီမံကိန်းဦးစီးမှူး တွဲဖက်အတွင်းရေးမှူး

၂။ နေပြည်တော်ကောင်စီ နယ်မြေဒေသဖွံ့ဖြိုးမှုစီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) လက်ရှိတည်နေရာနှင့် တည်ရှိပြီးဖြစ်သည့် အခြေခံအဆောက်အဦများအပေါ် လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုအဖွဲ့အစည်းဆိုင်ရာ အမြင်များဖြင့် သုံးသပ်စိစစ်ခြင်း။

(ခ) မျှော်မှန်းချက်၊ ရည်မှန်းချက်များကို လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုအဖွဲ့အစည်းဆိုင်ရာ ဘက်စုံရှုထောင့်အမြင်အပေါ် အခြေခံ၍ ချမှတ်ခြင်း။

(ဂ) မျှော်မှန်းချက်များ အကောင်အထည်ဖော်ရန်အတွက် ဖြစ်ပေါ်နိုင်သည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းကောင်းများကို ဖော်ထုတ်ခြင်း။

(ဃ) နယ်မြေဒေသအပေါ် အခြေခံ၍ မြို့နယ်၊ ခရိုင်နှင့် နေပြည်တော်ကောင်စီအဆင့်လိုက် တာဝန်ခွဲဝေ သတ်မှတ်ခြင်း။

(င) ဦးစားပေးအလိုက် ဖွံ့ဖြိုးမှုဆောင်ရွက်ရန် နယ်မြေဖော်ထုတ်ခြင်း၊ သတ်မှတ်ပေးခြင်းနှင့် ဦးစားပေးကဏ္ဍများ ရွေးချယ်ခြင်း။

(စ) မြေယာပြုပြင်ပြောင်းလဲမှုနှင့် မြေယာစီမံခန့်ခွဲမှုအတွက် မူဘောင်များ ချမှတ်ပေးခြင်း။

(ဆ) နယ်မြေဒေသဖွံ့ဖြိုးမှုစီမံကိန်းအား ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

(ဇ) စီမံကိန်းရေးဆွဲရာတွင်လည်းကောင်း၊ အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ အားနည်းချက်၊ အားသာချက်များကို သုံးလတစ်ကြိမ်စိစစ်သုံးသပ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့ မိတ္တူပေးပို့ခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၁၂၄/၂၀၁၅)

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်
( ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက် )

## သိမ်းဆည်းရမိသော တရားမဝင်ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ ဆုငွေချီးမြှင့်ခြင်းဆိုင်ရာအမိန့်

၁။ တရားမဝင် တင်ပို့၊ တင်သွင်းသော ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဆုငွေချီးမြှင့်နိုင်ရန် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဝန်ကြီးအဖွဲ့၏ ၁၉၈၁ ခုနှစ်၊ ဇွန်လ ၁ ရက်စွဲပါ အမိန့်အမှတ်၊ ၃/၈၁ ဖြင့် ထုတ်ပြန်ဆောင်ရွက်ခဲ့ပါသည်။

၂။ နိုင်ငံတော်ကသာ လုပ်ကိုင်ရန်ဥပဒေအရသတ်မှတ်ထားသည့် ကုန်ပစ္စည်းများနှင့် တရားဝင်ခွင့်ပြုချက်မရှိဘဲ ပြည်ပသို့တင်ပို့သော သို့မဟုတ် ပြည်တွင်းသို့တင်သွင်းလာသော ကုန်ပစ္စည်းများကိုဖမ်းဆီး၍ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲရောင်းချလျက် ရရှိငွေအား ဗဟိုရန်ပုံငွေတွင် ထည့်သွင်းခြင်း၊ သတင်းပေးသူနှင့် စုံစမ်းထောက်လှမ်းရှာဖွေဖမ်းဆီးသည့် အဖွဲ့အစည်းများကို ဆုငွေထုတ်ပေးခြင်းများဆောင်ရွက်လျက်ရှိပါသည်။

၃။ အထက်ဖော်ပြပါ ကုန်ပစ္စည်းများကို ပိုမိုကျယ်ပြန့်စွာ ထိန်းချုပ်နိုင်ရန်အလို့ငှာ ဖမ်းဆီးသိမ်းဆည်းရမိသော ကုန်ပစ္စည်းများအနက် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လွှဲပြောင်းရန်သတ်မှတ်ထားသည့် ကုန်ပစ္စည်းများမှအပ ကျန်ကုန်ပစ္စည်းများကို ထုခွဲရောင်းချလျက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ဖြစ်စေ၊ တိုင်းဒေသကြီး

သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများသို့ဖြစ်စေ ထည့်ဝင်ခြင်းနှင့် သတင်းပေးသူ၊ စုံစမ်းထောက်လှမ်းရှာဖွေဖမ်းဆီးသည့်အဖွဲ့များအား ဆုငွေအဖြစ် ထုတ်ပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ ပြည်ထောင်စုဝန်ကြီးဌာနများက အကောက်ခွန်ဥပဒေအရ သိမ်းဆည်းသည့်ကုန်ပစ္စည်းများ၊ နယ်စပ်ဝင်ပေါက်များတွင် ဌာနဆိုင်ရာပူးပေါင်းစစ်ဆေးရေးအဖွဲ့ (OSS) စခန်းများမှ ဖမ်းဆီးကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းပြီး ထုခွဲရောင်းချ၍ ရရှိသောငွေအပေါ်တွင် အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ရမည် -

(က) ၈၀ ရာခိုင်နှုန်းကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

(ခ) ၁၀ ရာခိုင်နှုန်းကို သတင်းပေးသူအား ဆုငွေအဖြစ် ချီးမြှင့်ရမည်။ သတင်းပေးသူမရှိပါက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

(ဂ) ၁၀ ရာခိုင်နှုန်းကို စုံစမ်းထောက်လှမ်းသည့် အဖွဲ့အစည်းနှင့် ရှာဖွေဖမ်းဆီးသည့် အဖွဲ့အစည်းများသို့ ဆုငွေအဖြစ် ချီးမြှင့်ရမည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အကောက်ခွန်ဥပဒေအရ သိမ်းဆည်းသည့် ကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး ထုခွဲရောင်းချ၍ ရရှိသောငွေများအပေါ်တွင် အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ရမည် -

(က) ၅၀ ရာခိုင်နှုန်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ထည့်သွင်းရမည်။

(ခ) ၃၀ ရာခိုင်နှုန်းကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

(ဂ) ၁၀ ရာခိုင်နှုန်းကို သတင်းပေးသူအား ဆုငွေအဖြစ် ချီးမြှင့်ရမည်။ သတင်းပေးသူမရှိပါက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

(ဃ) ၁၀ ရာခိုင်နှုန်းကို စုံစမ်းထောက်လှမ်းသည့် အဖွဲ့အစည်းများနှင့် ရှာဖွေဖမ်းဆီးသည့် အဖွဲ့အစည်းများသို့ ဆုငွေအဖြစ် ချီးမြှင့်ရမည်။

(င) ဖမ်းဆီးသိမ်းဆည်းရသည့် ကုန်ပစ္စည်းစာရင်း၊ ထုခွဲရောင်းချရရှိသည့် ငွေပမာဏ၊ ဆုငွေခွဲဝေပေးမှုပမာဏကို အခါအားလျော်စွာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအစီရင်ခံရမည်။

၆။ တရားမဝင်တင်ပို့၊ တင်သွင်းသောကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ တည်ဆဲအကောက်ခွန်ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းဖြစ်သဖြင့် ရှာဖွေဖမ်းဆီးသိမ်းဆည်းသော အဖွဲ့အစည်းသည် ဖမ်းဆီးသိမ်းဆည်းရမိသည့်ကုန်ပစ္စည်းများ၏ စာရင်းတစ်စောင်ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနသို့အမြန်ဆုံးပေးပို့ရမည်။

၇။ ဖမ်းဆီးရမိသောမှုခင်းများအပေါ် ဆုငွေချီးမြှင့်နိုင်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသည် အမှုတစ်ခုချင်းအလိုက် ပြည်ထောင်စုဝန်ကြီးဌာနများအတွက် အကောက်ခွန်ဦးစီးဌာနမှလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသော ဌာန၊ အဖွဲ့အစည်းထံမှလည်းကောင်း ထောက်ခံချက်များရယူပြီး သက်ဆိုင်ရာ ဆုငွေချီးမြှင့်ရေးအဖွဲ့သို့ တင်ပြရမည်။ ဆုငွေချီးမြှင့်ခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဦးစီးဌာန၊ ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့သည် ဆုချီးမြှင့်ရေးအဖွဲ့အသီးသီးကို ဖွဲ့စည်းထားရှိရမည်။

၈။ ဖမ်းဆီးရမိသော မှုခင်းများအတွက် ဆုငွေချီးမြှင့်နိုင်ရန် တန်ဖိုးတွက်ချက်သတ်မှတ်ရေးအဖွဲ့ကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုဝန်ကြီးဌာနအဆင့်တို့တွင် အသီးသီးဖွဲ့စည်းထားရှိရမည်။

၉။ ဦးစီးဌာနအဆင့် ဆုငွေချီးမြှင့်ရေးအဖွဲ့သည် မှုခင်းတစ်ခုချင်းအတွက် ချီးမြှင့်သည့်ဆုငွေပမာဏ ကျပ် ၂,၅၀၀,၀၀၀ (ကျပ်နှစ်ဆယ့်ငါးသိန်း) အထိ ချီးမြှင့်နိုင်သည့် လုပ်ပိုင်ခွင့်ရှိသည်။ ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဆင့် ဆုငွေချီးမြှင့်ရေးအဖွဲ့သည် မှုခင်းတစ်ခုချင်းအတွက်

ချီးမြှင့်ရမည့် ဆုငွေပမာဏကျပ် ၂,၅၀၀,၀၀၀ (ကျပ်နှစ်ဆယ့်ငါးသိန်း) အထက်မှ ၅,၀၀၀,၀၀၀ (ကျပ်သိန်းငါးဆယ်) အထိ ချီးမြှင့်နိုင်သည့် လုပ်ပိုင်ခွင့်ရှိသည်။ မှုခင်းတစ်ခုချင်းအတွက် ချီးမြှင့်ရမည့် ဆုငွေပမာဏသည် ကျပ် ၅,၀၀၀,၀၀၀ (ကျပ်သိန်းငါးဆယ်) အထက်ဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဆုငွေချီးမြှင့်ခြင်းပြုရမည်။

၁၀။ ဆုငွေခံစားခွင့်ရရှိသူတစ်ဦးသည် ပထမဆုံးအကြိမ် ဆုငွေလက်ခံရရှိသောနေ့မှ စတင်ရေတွက်သည့် တစ်နှစ်တာကာလအတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိသည်ဖြစ်စေ၊ အကြိမ်ကြိမ်ရရှိသည်ဖြစ်စေ စုစုပေါင်း ငွေကျပ် ၅,၀၀၀,၀၀၀ (ကျပ်သိန်းငါးဆယ်) အထိ ဝင်ငွေခွန် စည်းကြပ်ခြင်းမှ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ပြီး ငွေကျပ် ၅,၀၀၀,၀၀၀ (ကျပ်သိန်းငါးဆယ်) ထက်ကျော်လွန်ရရှိသည့် ဆုငွေပမာဏပေါ်တွင် တည်ဆဲဥပဒေများနှင့်အညီ ဝင်ငွေခွန်ပေးဆောင်ရမည်ဖြစ်ပါသည်။

၁၁။ ဤအမိန့်ပါ ပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများသည် လိုအပ်သည့် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၁၂။ ဤအမိန့်ပါ ကုန်ပစ္စည်းများ ဖမ်းဆီးရရှိမှုအပေါ်တွင် ဆုငွေချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ယခင်က ထုတ်ပြန်ခဲ့သော အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများသည် ဤအမိန့်ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၁၂၅/၂၀၁၅)

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်
( ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက် )

## မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ ၈၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သည့် မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့မှ စတင်၍ ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကွန်ပျူတာဖွံ့ဖြိုးရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ဥက္ကဋ္ဌ<br>အမျိုးသားဆက်သွယ်ရေးအကြံပေးကော်မတီ | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လွတ်လပ်သော မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်အဖြစ် သီးခြားဥပဒေဖြင့် ဖွဲ့စည်းနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဥပဒေကြမ်းရေးဆွဲတင်ပြခြင်း။

(ခ) မိမိ၏ လုပ်ငန်းဆောင်ရွက်ချက်များကို အခါအားလျော်စွာ အစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြ အစီရင်ခံခြင်း။

၃။ မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်၏ ရုံးအဖွဲ့အဖြစ် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည်။

၄။ မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်၏ သက်တမ်းသည် မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဖွဲ့စည်းသည့် ဥပဒေအရ အသစ်ဖွဲ့စည်းမည့်ကော်မရှင်သို့ မိမိ၏လုပ်ငန်းတာဝန်များ စနစ်တကျလွှဲပြောင်းပြီးသည်အထိ ဖြစ်စေရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၂၅/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်
( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် )

**လက်နက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **လက်နက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## လက်နက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

## ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )

၁၃၇၇ ခုနှစ်၊ လ ရက်
( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို လက်နက်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ လက်နက်အက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၃) တွင်ပါရှိသော "Knives of such other kinds" ဆိုသည့် စကားရပ်နောက်တွင် "and substances" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ လက်နက်အက်ဥပဒေ ပုဒ်မ ၆ တွင်ပါရှိသော "by land" ဆိုသည့် စကားရပ်၏နောက်တွင် "or by air" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၄။ လက်နက်အက်ဥပဒေ ပုဒ်မ ၁၉ တွင်ပါရှိသော "shall be punished with imprisonment for a term which may extend to three years, or with fine, or with both" ဆိုသည့် စကားရပ်ကို "shall be

punished with imprisonment for a term which may extend from a minimum of six months to a maximum of five years and shall also be liable to fine not exceeding five hundred thousand kyats." ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ လက်နက်အက်ဥပဒေ ပုဒ်မ ၁၉-က တွင်ပါရှိသော "shall be punished with rigorous imprisonment for a term with may extend to seven years:" ဆိုသည့်စကားရပ်ကို "shall be punished with imprisonment for a term which may extend from a minimum of three years to a maximum of seven years and shall also be liable to fine not exceeding five hundred thousand kyats." ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ လက်နက်အက်ဥပဒေ ပုဒ်မ ၂၀ တွင်ပါရှိသော "shall be punished with imprisonment for a term which may extend to seven years, or with fine, or with both." ဆိုသည့်စကားရပ်ကို "shall be punished with imprisonment for a term which may extend from a minimum of three years to a maximum of seven years and shall also be liable to fine not exceeding five hundred thousand kyats." ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ လက်နက်အက်ဥပဒေ ပုဒ်မ ၂၁ တွင်ပါရှိသော "six months" ဆိုသည့်စကားရပ်ကို "one year" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "five hundred kyats" ဆိုသည့်စကားရပ်ကို "fifty thousand kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၈။ လက်နက်အက်ဥပဒေ ပုဒ်မ ၂၂ တွင်ပါရှိသော "six months" ဆိုသည့်စကားရပ်ကို "one year".ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "five hundred kyats" ဆိုသည့်စကားရပ်ကို "fifty thousand kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၉။ လက်နက်အက်ဥပဒေ ပုဒ်မ ၂၃ တွင်ပါရှိသော "one month" ဆိုသည့်စကားရပ်ကို "one year" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "two hundred kyats" ဆိုသည့်စကားရပ်ကို "five hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၀။ လက်နက်အက်ဥပဒေ ပုဒ်မ ၂၉ တွင်ပါရှိသော "district magistrate" ဆိုသည့်စကားရပ်ကို "administrator of the Department of Township General Administration" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ လက်နက်အက်ဥပဒေ ပုဒ်မ ၃၂ တွင်ပါရှိသော "one month" ဆိုသည့်စကားရပ်ကို "one year" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "two hundred kyats" ဆိုသည့်စကားရပ်ကို "fifty thousand kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၆/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက် )

**ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၈။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေ
## ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၈ ။ )

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ကိုးကွယ်ရာဘာသာ**ဆိုသည်မှာ သူတစ်ဦးကမိမိယုံကြည်ရာအလိုက် ကိုးကွယ်သောဘာသာကို ဆိုသည်။

(ခ) **ကိုးကွယ်ရာဘာသာကူးပြောင်းခြင်း**ဆိုသည်မှာ သူတစ်ဦးက မိမိ၏ ယုံကြည်ရာအလိုက်ကိုးကွယ်လျက်ရှိသော ဘာသာကို စွန့်လွှတ်၍ အခြားကိုးကွယ်ရာဘာသာသို့ လွတ်လပ်သောသဘောဆန္ဒဖြင့် ကူးပြောင်းကိုးကွယ်ခြင်းကို ဆိုသည်။

(ဂ) **ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူ**ဆိုသည်မှာ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းပြုနိုင်ရန် မှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်ထားသူကို ဆိုသည်။

(ဃ) **မှတ်ပုံတင်ရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးအဖွဲ့ကို ဆိုသည်။

(င) **မှတ်ပုံတင်ရေးအဖွဲ့ရုံး**ဆိုသည်မှာ မှတ်ပုံတင်ရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဤဥပဒေတွင် သတ်မှတ်ထားသော ဌာနကိုဆိုသည်။

(စ) **သက်သေခံလက်မှတ်**ဆိုသည်မှာ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က ထုတ်ပေးသော ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ သက်သေခံလက်မှတ်ကို ဆိုသည်။

### အခန်း (၂)
### မှတ်ပုံတင်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ကိုးကွယ်ရာဘာသာကူးပြောင်းရန် လျှောက်ထားခြင်း

၃။ (က) မြို့နယ်အသီးသီးတွင် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးအဖွဲ့ကို ဖွဲ့စည်းသည် -

| | | |
|---|---|---|
| (၁) | မြို့နယ်သာသနာရေးမှူး<br>မြို့နယ်သာသနာရေးမှူးရုံး၊ | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာကိုးကွယ်ရာဘာသာအလိုက်<br>ရွေးချယ်တင်ပြသည့် ငါးဦးထက်မပိုသော<br>မြို့မိမြို့ဖများအနက်မှ မိမိတို့အချင်းချင်း<br>ညှိနှိုင်းရွေးချယ်သူတစ်ဦး၊ | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယဥက္ကဋ္ဌတာဝန်ပေးအပ်ခြင်းမခံရသည့်<br>သက်ဆိုင်ရာကိုးကွယ်ရာဘာသာအလိုက်<br>ရွေးချယ်တင်ပြသည့် လေးဦးထက်မပိုသော<br>မြို့မိမြို့ဖများ၊ | အဖွဲ့ဝင်များ |
| (၄) | မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်<br>အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ | အဖွဲ့ဝင် |
| (၅) | ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ | အဖွဲ့ဝင် |
| (၆) | ကိုယ်စားလှယ်တစ်ဦး၊ မြို့နယ်အဆင့်<br>ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ | အဖွဲ့ဝင် |

(၇) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး အတွင်းရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့် (၃) ပါ ဒုတိယဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦး လစ်လပ်သည့်အခါဖြစ်စေ၊ အစားထိုးရွေးချယ်ရန်အကြောင်းပေါ်ပေါက်သည့်အခါဖြစ်စေ လစ်လပ်သည့်အဖွဲ့ဝင်ကို သက်ဆိုင်ရာကိုးကွယ်ရာဘာသာအလိုက် သတ်မှတ်ချက်နှင့်အညီ ပြန်လည်ရွေးချယ်တင်ပြရမည်။

၄။ မည်သူမဆို -

(က) မိမိကိုးကွယ်ရာဘာသာမှ အခြားကိုးကွယ်ရာဘာသာသို့ဖြစ်စေ၊ ဘာသာမဲ့အဖြစ်မှ ကိုးကွယ်ရာဘာသာတစ်ခုသို့ဖြစ်စေ၊ ကိုးကွယ်ရာဘာသာတစ်ခုခုမှ ဘာသာမဲ့အဖြစ်သို့ဖြစ်စေ မိမိ၏ လွတ်လပ်သော သဘောဆန္ဒဖြင့် ကူးပြောင်းခွင့်ရှိသည်။

(ခ) ကူးပြောင်းကိုးကွယ်ခွင့်ရရှိထားသည့် ကိုးကွယ်ရာဘာသာမှ မူလမိမိကိုးကွယ်ရာဘာသာသို့ဖြစ်စေ၊ အခြားဘာသာသို့ဖြစ်စေ ကူးပြောင်းကိုးကွယ်ခွင့်ရှိသည်။

၅။ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူသည် -

(က) အသက် ၁၈ နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။

(ခ) မိမိ၏ လွတ်လပ်သော သဘောဆန္ဒဖြင့် ကိုးကွယ်ရာဘာသာကူးပြောင်းလိုခြင်းဖြစ်ရမည်။

(ဂ) မိမိနှင့်သက်ဆိုင်သည့် အောက်ပါအချက်များ ဖော်ပြထားသော လျှောက်လွှာကို သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့ရုံးသို့ တင်ပြရမည် -

(၁) အမည်၊

(၂) အသက်နှင့် မွေးသက္ကရာဇ်၊

(၃) ကိုင်ဆောင်သည့် လက်မှတ်အမျိုးအစားနှင့်အမှတ်၊

(၄) မွေးဖွားရာအရပ်၊

(၅) နေရပ်လိပ်စာ၊

(၆) ဖခင်အမည်နှင့် ကိုးကွယ်ရာဘာသာ၊

(၇) မိခင်အမည်နှင့် ကိုးကွယ်ရာဘာသာ၊

(၈) ဇနီး သို့မဟုတ် ခင်ပွန်းရှိလျှင် ၎င်း၏အမည်နှင့်ကိုးကွယ်ရာဘာသာ၊

(၉) လက်ရှိကိုးကွယ်ရာဘာသာ၊

(၁၀) ကူးပြောင်းလိုသည့် ကိုးကွယ်ရာဘာသာ၊

(၁၁) ယခင်က ကိုးကွယ်ရာဘာသာကူးပြောင်းခဲ့ဖူးခြင်း ရှိမရှိ၊ ရှိလျှင်လျှောက်ထားခဲ့သည့် မြို့နယ်နှင့် သက်သေခံလက်မှတ်အမှတ်၊

(၁၂) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသည့် အကြောင်းရင်း သို့မဟုတ် ဘာသာမဲ့အဖြစ်သို့ ကူးပြောင်းလိုသည့် အကြောင်းရင်း။

၆။ မှတ်ပုံတင်ရေးအဖွဲ့ရုံးသည် ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသူက ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ) အရ တင်ပြသည့်လျှောက်လွှာကို လက်ခံရရှိသည့်အခါ -

(က) လျှောက်လွှာတွင် အချက်အလက်များ ပြည့်စုံစွာ ဖော်ပြထားခြင်းရှိမရှိ စိစစ်ရမည်။

(ခ) လျှောက်လွှာပါ အချက်အလက်များ ပြည့်စုံခြင်းမရှိပါက လိုအပ်ချက်ကို ရှင်းပြ၍ဖြည့်စွက်တင်ပြစေရမည်။

(ဂ) လျှောက်လွှာတွင် အချက်အလက်ပြည့်စုံစွာ ဖော်ပြထားကြောင်း စိစစ်တွေ့ရှိလျှင် မှတ်ပုံတင်စာရင်း ရေးသွင်းပြီး အမှုတွဲဖွင့်လှစ်ရမည်။

(ဃ) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူအား မှတ်ပုံတင်ရေးအဖွဲ့နှင့်တွေ့ဆုံမေးမြန်းနိုင်ရေးအတွက် လျှောက်လွှာလက်ခံရရှိသည့်နေ့ရက်၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင်း သင့်လျော်သည့် နေ့ရက်ကို ချိန်းဆိုရမည်။

(င) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူ၏ နေရပ်သည် မှတ်ပုံတင်ရေးအဖွဲ့ရုံးတည်ရှိရာနေရာနှင့် ဝေးကွာသောနေရာ သို့မဟုတ် သွားလာရေးခက်ခဲသောနေရာဖြစ်ပါက မှတ်ပုံတင်ရေးအဖွဲ့သို့ ချက်ချင်းတင်ပြ၍ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူအား အမြန်ဆုံး တွေ့ဆုံမေးမြန်းနိုင်ရန် လိုအပ်သလို စီစဉ်ဆောင်ရွက်ရမည်။

## အခန်း (၃)
## သက်သေခံလက်မှတ်ထုတ်ပေးခြင်း

၇။ မှတ်ပုံတင်ရေးအဖွဲ့သည် -

(က) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူအား တွေ့ဆုံမေးမြန်းရာတွင် ပုဒ်မ ၃ ပါ မှတ်ပုံတင်ရေးအဖွဲ့ အဖွဲ့ဝင်အားလုံးအနက်မှ ကူးပြောင်းသည့် ဘာသာများနှင့်သက်ဆိုင်သည့် မြို့မိမြို့ဖနှစ်ဦး အပါအဝင် အဖွဲ့ဝင်ထက်ဝက်ကျော်ပါဝင်သောအဖွဲ့ဖြင့် ဆောင်ရွက်ရမည်။

(ခ) လွတ်လပ်သော သဘောဆန္ဒအရ လျှောက်ထားခြင်း ဟုတ်မဟုတ် သိရှိနိုင်ရန် ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသူအား တွေ့ဆုံမေးမြန်းရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ တွေ့ဆုံမေးမြန်းရာတွင် သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်းနှင့် အနိုင်အထက်ပြုခြင်း သို့မဟုတ် ယင်းသို့ သဘောသက်ရောက်သောအပြောအဆို၊ အပြုအမူတို့ကို ရှောင်ကြဉ်ရမည်။

(ဃ) ပုဒ်မခွဲ (ခ) အရ တွေ့ဆုံမေးမြန်းသိရှိချက်ကို မှတ်တမ်းတင်ပြီး အောက်ပါအချက်များကို ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက လေ့လာနိုင်ရေးအတွက် လျှောက်ထားသည့်နေ့မှ ရက်ပေါင်း ၉၀ ထက်မပိုသောကာလကို သတ်မှတ်ပေးရမည် -

(၁) ကူးပြောင်းလိုသည့် ကိုးကွယ်ရာဘာသာ၏ အခြေခံသဘော၊

(၂) ကူးပြောင်းလိုသည့် ကိုးကွယ်ရာဘာသာ၏ ထိမ်းမြားလက်ထပ်ခြင်း၊ ကွာရှင်းပြတ်စဲခြင်းနှင့် ပစ္စည်းခန်းခွဲဝေခြင်းဆိုင်ရာ ဓလေ့ထုံးတမ်းများ၊

(၃) ကူးပြောင်းလိုသည့် ကိုးကွယ်ရာဘာသာ၏ အမွေဆက်ခံခြင်းနှင့် သားသမီးအုပ်ထိန်းခြင်း ဆိုင်ရာ ဓလေ့ထုံးတမ်းများ။

(င) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက ပုဒ်မခွဲ (ဃ) အရ သတ်မှတ်ကာလကို တိုးမြှင့်ပေးရန် တောင်းဆိုလျှင် ယင်းပုဒ်မခွဲပါ ကာလကုန်ဆုံးသည့်နေ့ရက်မှ နောက်ထပ်ရက်ပေါင်း ၉၀ ထက်မပိုသော ကာလအထိ တိုးမြှင့်ပေးနိုင်သည်။

(စ) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက တောင်းဆိုလျှင် ကူးပြောင်းရန် လျှောက်ထားသည့် ကိုးကွယ်ရာဘာသာနှင့်စပ်လျဉ်း၍ ပုဒ်မခွဲ (ဃ) ပါ အချက်များကို နှံ့စပ်သူ၊ ကျွမ်းကျင်သူများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်။

(ဆ) ပုဒ်မခွဲ (ဃ) အရသတ်မှတ်ရက် သို့မဟုတ် ပုဒ်မခွဲ (င) အရ တိုးမြှင့်ပေးသည့် ရက်ပြည့်သည့် အချိန်တွင် ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူကို ထပ်မံတွေ့ဆုံပြီး ဆွေးနွေးရာ၌ ကိုးကွယ်ရာ ဘာသာကူးပြောင်းလိုသူက -

(၁) ကိုးကွယ်ရာဘာသာကူးပြောင်းရန် ဆန္ဒရှိကြောင်း တင်ပြလျှင် သာသနာရေးဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ရေးသားမှတ်တမ်းတင်ပြီး ထိုသူအား ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ သက်သေခံလက်မှတ် ထုတ်ပေးရမည်။

(၂) ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းပြုရန် ဆန္ဒမရှိတော့ကြောင်း တင်ပြလျှင် ယင်း၏ တင်ပြချက်ကို သာသနာရေးဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ရေးသားမှတ်တမ်းတင်ပြီး ကိုးကွယ်ရာဘာသာ ကူးပြောင်းရန် လျှောက်လွှာကို သိမ်းဆည်းထားရမည်။

(ဇ) ပုဒ်မခွဲ (ဆ) အရ ဆောင်ရွက်ရာတွင် ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူ၏ဆန္ဒကို ယင်းကိုယ်တိုင် စာဖြင့် ရေးသားလက်မှတ်ရေးထိုးစေရမည်။ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူသည် ကိုယ်တိုင်

စာရေးသားနိုင်ခြင်းမရှိပါက မှတ်ပုံတင်ရေးအဖွဲ့က ရေးသား၍ ပြန်လည်ဖတ်ပြပြီး ယင်းအား လက်မှတ်ရေးထိုးစေခြင်း သို့မဟုတ် လက်ဗွေခပ်နှိပ်စေခြင်း ပြုရမည်။

၈။ မှတ်ပုံတင်ရေးအဖွဲ့သည် -

(က) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက ပုဒ်မ ၇၊ ပုဒ်မခွဲ (ဃ) သို့မဟုတ် (င) အရ သတ်မှတ်ရက်အတွင်း ပြန်လည်သတင်းပို့ခြင်းမရှိလျှင် ယင်းထံစာဖြင့် နှိုးဆော်အကြောင်းကြားရမည်။

(ခ) ပုဒ်မခွဲ (က) အရ အကြောင်းကြားသော်လည်း သတင်းပို့ရန် ဆက်လက်ပျက်ကွက်နေပါက လျှောက်ထားသူအား သက်သေခံလက်မှတ်ထုတ်ပေးရခြင်း မရှိကြောင်း သက်ဆိုင်ရာအမှုတွဲတွင် မှတ်တမ်းတင်ရမည်။

၉။ မှတ်ပုံတင်ရေးအဖွဲ့သည် အောက်ပါအကြောင်းတစ်ခုခုကြောင့် မှတ်ပုံတင်ရေးအဖွဲ့ရုံးသို့ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူ ကိုယ်တိုင်လာရောက်ခြင်းမပြုနိုင်လျှင်သော်လည်းကောင်း၊ ဆောလျင်စွာဆောင်ရွက်ရန် ခိုင်လုံသောအကြောင်းပေါ်ပေါက်လျှင်သော်လည်းကောင်း ပုဒ်မ ၇ ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သလိုဆောင်ရွက်ပြီး သက်သေခံလက်မှတ်ထုတ်ပေးနိုင်သည် -

(က) အသက်အရွယ်ကြီးရင့်ပြီး သွားလာရန် ခက်ခဲခြင်း၊

(ခ) ရောဂါဝေဒနာ ပြင်းထန်စွာခံစားနေရခြင်း၊

(ဂ) မသန်စွမ်းဖြစ်ခြင်း။

၁၀။ မှတ်ပုံတင်ရေးအဖွဲ့သည် -

(က) ပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲငယ် (၁) အရ သက်သေခံလက်မှတ် ထုတ်ပေးသည့်အခါ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းပြုသူနှင့်ပတ်သက်သော အောက်ပါအချက်များကို ဖော်ပြ၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သာသနာရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများသို့ သတ်မှတ်ထားသည့်ပုံစံဖြင့် တင်ပြရမည် -

(၁) အမည်၊

(၂) ဖခင်အမည်နှင့် ကိုးကွယ်ရာဘာသာ၊

(၃) ကိုင်ဆောင်သည့် မှတ်ပုံတင်လက်မှတ်အမှတ်၊

(၄) နေရပ်လိပ်စာ၊

(၅) မူလကိုးကွယ်ရာဘာသာ၊

(၆) ကူးပြောင်းခွင့်ပြုသည့် ကိုးကွယ်ရာဘာသာနှင့် သက်သေခံလက်မှတ်ထုတ်ပေးသည့်ရက်စွဲ။

(ခ) တစ်စုံတစ်ဦး၏ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်းကြောင့် ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းပြုရန် လျှောက်ထားခြင်းဖြစ်ကြောင်း -

(၁) လျှောက်ထားသူကိုယ်တိုင်၏ တင်ပြချက်အရသိရှိရလျှင် သက်သေခံလက်မှတ်ထုတ်ပေးခြင်း မပြုဘဲ မှတ်တမ်းတင်ထားရှိရမည်။

(၂) လျှောက်ထားသူကိုယ်တိုင်က တင်ပြခြင်းမပြုသော်လည်း တစ်နည်းနည်းဖြင့် စိစစ်တွေ့ရှိရသော် စိစစ်တွေ့ရှိချက်ကို လျှောက်ထားသူအား အသိပေးမေးမြန်းပြီး လျှောက်ထားသူက ကိုးကွယ်ရာဘာသာ ကူးပြောင်းရန် ဆန္ဒရှိကြောင်း ထပ်မံအတည်ပြုပါက အကြောင်းအရာ၊ အချက်အလက်များကို မှတ်တမ်းတင်၍ သက်သေခံလက်မှတ်ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဆောင်ရွက်ချက်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သာသနာရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများသို့ သတ်မှတ်ထားသည့်ပုံစံဖြင့်တင်ပြရမည်။

၁၁။ မှတ်ပုံတင်ရေးအဖွဲ့က သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ပြီး သက်သေခံလက်မှတ်ထုတ်ပေးသည့်နေ့ရက်မှစ၍ ကိုးကွယ်ရာဘာသာကူးပြောင်းခွင့်ရရှိပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၂။ ကိုးကွယ်ရာဘာသာကူးပြောင်းသူသည် သက်သေခံလက်မှတ်ရရှိသည့်အခါ -

(က) ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းကို ကူးပြောင်းသည့်ကိုးကွယ်ရာဘာသာ၏ ဓလေ့ထုံးတမ်းနှင့် အညီ ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါ အတိုင်းဆောင်ရွက်ပြီး ကိုးကွယ်ရာဘာသာပြောင်းလဲမှတ်တမ်းတင်နိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသို့ ယင်းသက်သေခံ လက်မှတ်မိတ္တူနှင့်အတူ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်။

၁၃။ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူသည် သက်သေခံလက်မှတ်ရရှိပြီးနောက် အချိန်ကာလတစ်ခုတွင် ထပ်မံ၍ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းပြုလျှင် ယင်းသက်သေခံလက်မှတ်ကို မှတ်ပုံတင်ရေးအဖွဲ့သို့ ပြန်လည်အပ်နှံရမည်။

## အခန်း (၄)
## တားမြစ်ချက်

၁၄။ မည်သူမျှ မည်သည့်ဘာသာသာသနာကိုမဆို စော်ကားရန်၊ အကြည်ညိုပျက်စေရန် သို့မဟုတ် တလွဲအသုံးပြုရန် အကြံဖြင့် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းမပြုရ။

၁၅။ မည်သူမျှ သူတစ်ဦးတစ်ယောက်ကို ကိုးကွယ်ရာဘာသာကူးပြောင်းရန် ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်း၊ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်းမပြုရ။

၁၆။ မည်သူမျှ ကိုးကွယ်ရာဘာသာကူးပြောင်းနိုင်ခွင့်ရှိသူတစ်ဦးတစ်ယောက်၏ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းကို ဟန့်တားခြင်း၊ ပိတ်ပင်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းမပြုရ။

## အခန်း (၅)
## ပြစ်ဒဏ်

၁၇။ မည်သူမဆို ပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၁၈။ မည်သူမဆို ပုဒ်မ ၁၅ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၁၉။ မည်သူမဆို ပုဒ်မ ၁၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၀။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်က ယင်းပြစ်မှုဖြင့် ပြစ်မှု ထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သော ပြစ်မှုအတွက် မူရင်းပြဋ္ဌာန်းသော အမြင့်ဆုံးထောင်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

## အခန်း (၆)
## အထွေထွေ

၂၁။ မှတ်ပုံတင်ရေးအဖွဲ့၏ ရုံးလုပ်ငန်းကိစ္စအဝဝကို သက်ဆိုင်ရာ မြို့နယ်သာသနာရေးမှူးရုံးက ဆောင်ရွက် ရမည်။ မြို့နယ်သာသနာရေးမှူးရုံးမရှိပါက မြို့နယ်သာသနာရေးမှူး၏ တာဝန်ကို ပူးတွဲထမ်းဆောင်သော မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၂၂။ မှတ်ပုံတင်ရေးအဖွဲ့သည် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ အမှုတွဲနှင့်မှတ်တမ်းများကို လုံခြုံစွာထိန်းသိမ်းထားရှိရမည်။

၂၃။ (က) ပြည်ပရှိ မြန်မာနိုင်ငံသားများသည် ကိုးကွယ်ရာဘာသာကူးပြောင်းလိုပါက သက်ဆိုင်ရာ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့လည်းကောင်း၊ မိမိနေထိုင်သည့်နိုင်ငံတွင် မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့မရှိပါက အနီးဆုံးနိုင်ငံရှိ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့ လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်သည်။

(ခ) သက်ဆိုင်ရာမြန်မာနိုင်ငံသံရုံးအရာရှိနှင့် ကောင်စစ်ဝန်တို့သည် ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက ပုဒ်မခွဲ (က) အရ ဆက်သွယ်ပါက ပုဒ်မ ၆၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ) မှ (ဇ) အထိ၊ ပုဒ်မ ၈၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀ နှင့် ပုဒ်မ ၂၂ တို့ပါ ကိစ္စရပ်များကို လိုအပ်သလို ဆောင်ရွက်ရမည်။

၂၄။ သက်ဆိုင်ရာကိုးကွယ်ရာဘာသာအရ ဆောင်ရွက်သော သာသနာပြုလုပ်ငန်းများသည် ပုဒ်မ ၁၅ ပါ သွေးဆောင်ခြင်းဆိုသည့် စကားရပ်နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၅။ ဤဥပဒေအရ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းသည် နိုင်ငံသားဖြစ်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၆။ ပြည်သူ့ဝန်ထမ်းမဟုတ်သော မှတ်ပုံတင်ရေးအဖွဲ့ဝင်များသည် ဤဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၂၇။ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤဥပဒေအရသာ ဆောင်ရွက်ရမည်။

၂၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သာသနာရေးဝန်ကြီးဌာနနှင့် သာသနာရေးဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၂၇/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက် )

**နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၉။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၉ ။ )**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၁၀ တွင် ပါရှိသော "နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုလွှတ်တော်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၂၈/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက် )

**မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၀။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၀ ။ )**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက် )

**နိဒါန်း**

မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သောယောကျ်ားတို့၏ ထိမ်းမြားခြင်း၊ ကွာရှင်းခြင်း၊ အမွေဆက်ခံခြင်း၊ ပစ္စည်းခွဲဝေခြင်း၊ သားသမီးထိန်းသိမ်းခြင်းစသည်တို့နှင့် စပ်လျဉ်းသည့် အခွင့်အရေးများကို မျှတစွာရရှိခံစားနိုင်ရန်နှင့် ထိရောက်သည့် ကာကွယ်မှုပေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ (က) ဤဥပဒေသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမနှင့် ထိုမိန်းမ၏ ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားတို့နှင့် သက်ဆိုင်စေရမည်။

(ခ) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားတို့၏ထိမ်းမြားရေး၊ လင်မယားကွာရှင်းရေး၊ ပစ္စည်းခွဲဝေရေး၊ အမွေဆက်ခံရေး၊ သားသမီးထိန်းသိမ်းရေးတို့နှင့် သက်ဆိုင်သည့် အငြင်းပွားမှုများကို ဤဥပဒေနှင့်အညီ ဆုံးဖြတ်ရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံသား**ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေတွင် နိုင်ငံသားအဖြစ် ဖော်ပြထားသည့် မြန်မာနိုင်ငံသားကို ဆိုသည်။

(ခ) **မြန်မာဗုဒ္ဓဘာသာဝင်မိန်းမ**ဆိုသည်မှာ နိုင်ငံသားဖြစ်သည့်အပြင် ဗုဒ္ဓဘာသာကိုးကွယ်သောမိန်းမ သို့မဟုတ် ဗုဒ္ဓဘာသာကိုးကွယ်သော မိဘတို့မှမွေးဖွားသော မိန်းမကို ဆိုသည်။ သို့ရာတွင် ထိုမိန်းမသည် ဗုဒ္ဓဘာသာမှ အခြားဘာသာတစ်ခုခုသို့ အထင်အရှားကူးပြောင်း၍ ထိုအခြားဘာသာကို တရားဝင်ကူးပြောင်းကိုးကွယ်လျက်ရှိလျှင် ဗုဒ္ဓဘာသာကိုးကွယ်သောမိဘတို့မှ မွေးဖွားသည်ဟူသော အကြောင်းသက်သက်ကြောင့် ဗုဒ္ဓဘာသာဝင်မိန်းမဖြစ်သည်ဟု မမှတ်ယူရ။

(ဂ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဤဥပဒေအရ ထိမ်းမြားမှု မှတ်ပုံတင်အရာရှိကို ဆိုလိုသည်။

## အခန်း (၂)
## ဤဥပဒေအရ ထိမ်းမြားနိုင်သူများ

၄။ အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးနှင့် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦးတို့သည် အောက်ဖော်ပြပါအချက်များနှင့်ပြည့်စုံလျှင် ဤဥပဒေအရ ထိမ်းမြားနိုင်သည် -

(က) နှစ်ဦးစလုံးမှာ စိတ်ပေါ့သွပ်ခြင်းမရှိသူ ဖြစ်ရမည်။

(ခ) သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အလွဲပြောဆိုခြင်းတို့အရမဟုတ်ဘဲ မိမိတို့၏လွတ်လပ်သောဆန္ဒအရ ထိမ်းမြားရန် သဘောတူညီခြင်းဖြစ်ရမည်။

(ဂ) အသက် ၂၀ နှစ်မပြည့်သေးသည့် မိန်းမဖြစ်လျှင် မိဘ၏သဘောတူညီချက်ကိုသော်လည်းကောင်း၊ မိဘတို့သေဆုံးပါမူ အမှန်အုပ်ထိန်းသူ သို့တည်းမဟုတ် တရားဥပဒေအရ အုပ်ထိန်းသူရှိလျှင် ထိုအုပ်ထိန်းသူ၏ သဘောတူညီချက်ကိုသော်လည်းကောင်း ရရှိပြီးဖြစ်ရမည်။

(ဃ) မိန်းမသည် မပြတ်စဲသော တရားဝင်လင်ယောကျ်ားမရှိသူ ဖြစ်ရမည်။

(င) ယောကျ်ားသည် မပြတ်စဲသော တရားဝင်မိန်းမ မရှိသူဖြစ်ရမည်။

## အခန်း (၃)
## ဤဥပဒေအရ ထိမ်းမြားခြင်း

၅။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးသည် ဤဥပဒေအရ ထိမ်းမြားမှု မှတ်ပုံတင်အရာရှိ ဖြစ်သည်။

၆။ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးတို့ထိမ်းမြားရန် ရည်ရွယ်သည့်အခါ ၎င်းတို့တစ်ဦးဦးနေထိုင်လျက်ရှိသည့်ဒေသရှိ မှတ်ပုံတင်အရာရှိ သို့မဟုတ် ၎င်းကတာဝန်ပေးအပ်ထားသူထံ သတ်မှတ်ထားသည့် ပုံစံဖြင့် ၎င်းတို့တစ်ဦးဦးက လျှောက်ထားနိုင်သည်။

၇။ လျှောက်လွှာနှင့်အတူ ပုဒ်မ ၄ ပါအချက်များ ပြည့်စုံမှန်ကန်ကြောင်း လျှောက်ထားသူတို့၏ ဝန်ခံချက်ပါရှိသည့် ကျမ်းကျိန်လွှာ ပူးတွဲတင်သွင်းရမည်။

၈။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားသည် လျှောက်လွှာတွင် ဖော်ပြထားသည့်အချက်များ မှန်ကန်ကြောင်းကို မှတ်ပုံတင်အရာရှိနှင့် သက်သေနှစ်ဦးတို့ရှေ့တွင် လက်မှတ်ရေးထိုးရမည်။

၉။ မှတ်ပုံတင်အရာရှိသည် -

(က) လျှောက်လွှာမိတ္တူတစ်စောင်ကို မိမိရုံးရှိ အများမြင်သာသည့်နေရာနှင့်သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတို့၌ ကပ်ရမည့်အပြင် တရားမကျင့်ထုံးဥပဒေအရ သမ္မန်စာများ သို့မဟုတ် နို့တစ်စာများချအပ်သည့် နည်းလမ်းနှင့်အညီ အောက်ပါပုဂ္ဂိုလ်များထံ အကြောင်းကြားစာများ ပေးပို့ရမည် -

(၁) ထိမ်းမြားမည့် မိန်းမသည် အသက် ၂၀ နှစ်မပြည့်သေးလျှင် ၎င်းမိဘ သို့မဟုတ် အုပ်ထိန်းသူ၊

(၂) မိန်းမသည် ယခင်က ထိမ်းမြားခဲ့ဖူးလျှင် ထိမ်းမြားခဲ့သည့် ၎င်း၏ယောကျ်ား၊

(၃) ယောကျ်ားသည် ယခင်ကထိမ်းမြားခဲ့ဖူးလျှင် ထိမ်းမြားခဲ့သည့် ၎င်း၏ မိန်းမ။

(ခ) လျှောက်လွှာ မိတ္တူပေးခြင်းခံရမည့်သူ တစ်ဦးတစ်ယောက်၏ နေရပ်သည် မှတ်ပုံတင်အရာရှိ၏ စီမံခန့်ခွဲပိုင်ခွင့် နယ်နိမိတ်ပြင်ပတွင်ရှိလျှင် မိတ္တူတစ်စောင်ကို ထိုသူထံစာတိုက်မှ မှတ်ပုံတင်ပြုလုပ်၍ဖြစ်စေ၊ လူလွှတ်၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ပေးပို့နိုင်သည်။

၁၀။ ထိမ်းမြားရန် ရည်ရွယ်ကြောင်း လျှောက်လွှာမိတ္တူကို ပုဒ်မ ၉ အရ ပေးပြီးနောက် ၁၄ ရက်ကြာသည့်အခါ ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၃ တို့အရ ကြိုတင်ကန့်ကွက်ခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိက လျှောက်ထားသူတို့ကို ထိမ်းမြားပေးနိုင်သည်။

၁၁။ ပုဒ်မ ၆ အရ ထိမ်းမြားပေးရန် လျှောက်ထားသူတို့သည် ပုဒ်မ ၄ ပါအချက်တစ်ရပ်ရပ်နှင့် ညီညွတ်ခြင်းမရှိဟူသော အကြောင်းပြချက်ဖြင့် မည်သူမဆို မှတ်ပုံတင်အရာရှိထံလိပ်မူ၍ ထိုသူအားထိမ်းမြားခြင်းမပြုစေရန် စာဖြင့်ရေးသားကန့်ကွက်နိုင်သည်။

၁၂။ (က) မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာရရှိသောအခါ ကန့်ကွက်သူအား စီရင်ပိုင်ခွင့်အာဏာရတရားရုံးသို့ လျှောက်ထားရန်ညွှန်ပြပြီး တရားရုံး၏ အမိန့်ရရှိသည့်နေ့အထိ ထိမ်းမြားခြင်းကို ရွှေ့ဆိုင်းထားရမည်။

(ခ) ပုဒ်မခွဲ (က) ပါ စီရင်ပိုင်ခွင့်အာဏာရတရားရုံးသည် မှတ်ပုံတင်အရာရှိ၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် ဒေသရှိ မြို့နယ်တရားရုံး ဖြစ်ရမည်။

၁၃။ (က) ပုဒ်မ ၆ အရ ထိမ်းမြားပေးရန်လျှောက်ထားသူတို့သည် ပုဒ်မ ၄ ပါအချက်တစ်ရပ်ရပ်နှင့် ညီညွတ်ခြင်းမရှိဟူသော အကြောင်းပြချက်ဖြင့် စီရင်ပိုင်ခွင့်အာဏာရတရားရုံးသို့ ကန့်ကွက်သူက လျှောက်လွှာတင်သွင်းနိုင်သည်။

(ခ) တရားရုံးက ထိုလျှောက်လွှာရရှိကြောင်း သက်သေခံလက်မှတ်တစ်စောင်ကို ကန့်ကွက်သူအား ပေးရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် -

(၁) ပုဒ်မခွဲ (ခ) အရပေးသည့် သက်သေခံလက်မှတ်ကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ကန့်ကွက်သူက တင်သွင်းလျှင် တရားရုံးမှ ထိမ်းမြားခွင့်ရှိသည့်အမိန့်ကို မရရှိမီထိမ်းမြားရန် လျှောက်ထားသူတို့အား ထိမ်းမြားမပေးရ၊

(၂) သတ်မှတ်ထားသည့် ကာလအတွင်း ကန့်ကွက်သူက သက်သေခံလက်မှတ်ကိုမတင်သွင်းလျှင် ထိမ်းမြားရန် လျှောက်ထားသူတို့အား ထိမ်းမြားပေးရမည်။

(ဃ) တရားရုံးသည် လျှောက်လွှာနှင့်ကျမ်းကိုန်လွှာတို့တွင် ပါရှိသည့်အချက်များနှင့် နှစ်ဖက်အမှုသည်များ တင်ပြသည့် သက်သေခံချက်တို့ကို အကျဉ်းနည်းဖြင့် စစ်ဆေးကြားနာပြီးနောက် လျှောက်ထားသူတို့သည် ထိမ်းမြားနိုင်ခွင့်ရှိ မရှိ အမိန့်ချမှတ်ရမည်။

( င ) ထိုအမိန့်ကို ကျေနပ်မှုမရှိပါက ဥပဒေနှင့်အညီ အယူခံပိုင်ခွင့်ရှိသည်။

( စ ) တရားရုံးသည် မိမိချမှတ်သောအမိန့်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံ ချက်ချင်းပို့ရမည်။

(ဆ) (၁) ထိမ်းမြားနိုင်ခွင့်ရှိသည်ဟု တရားရုံးက အမိန့်ချမှတ်လျှင် မှတ်ပုံတင်အရာရှိသည် ထိမ်းမြားပေးရမည်။

(၂) ထိမ်းမြားနိုင်ခွင့်မရှိဟု တရားရုံးက အမိန့်ချမှတ်လျှင် မှတ်ပုံတင်အရာရှိသည် ထိမ်းမြားမပေးရ။

၁၄။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၃ အရ ထိမ်းမြားသောအခါ သက်သေနှစ်ဦးရှေ့တွင် လျှောက်ထားသူတို့ကို ထိမ်းမြားပေးရမည်။ ထိမ်းမြားမည့်သူများသည် မှတ်ပုံတင်အရာရှိနှင့် သက်သေများရှေ့တွင် "ကျွန်ုပ်တို့သည် တရားဝင်လင်မယားအဖြစ် ပေါင်းဖက်ပါမည်" ဟူ၍ မြွက်ဟကြေညာရမည်။

၁၅။ ပုဒ်မ ၁၄ အရ ထိမ်းမြားသည့်အခါ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်သော အကြောင်းအရာများကို ထိမ်းမြားမှု သက်သေခံမှတ်ပုံတင်စာအုပ်၌ ရေးသွင်းရမည်။ ထိုမှတ်ပုံတင်စာအုပ်တွင် ထိမ်းမြားသူများ၊ သက်သေများနှင့် မှတ်ပုံတင်အရာရှိတို့က လက်မှတ်ရေးထိုးရမည်။

၁၆။ မှတ်ပုံတင်အရာရှိသည် ထိမ်းမြားမှုသက်သေခံလက်မှတ်မူရင်းခွဲ ၄ စောင်ပြုလုပ်၍ တစ်စောင်စီကို ထိမ်းမြားသူတို့အား ပေးအပ်ရမည်။ အကယ်၍မိန်းမသည် အသက် ၂၀ နှစ်မပြည့်သေးလျှင် ၎င်း၏မိဘ သို့မဟုတ် အုပ်ထိန်းသူအား ပေးအပ်ရမည်။ တတိယတစ်စောင်ကို ခရိုင်အုပ်ချုပ်ရေးမှူးရုံးတွင် အမြဲထိန်းသိမ်းထားရန် ပေးပို့ရမည်။ စတုတ္ထတစ်စောင်နှင့် ထိမ်းမြားခြင်းဆိုင်ရာအမှတ်အသားများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှိ ထိမ်းမြားမှုဆိုင်ရာ မှတ်ပုံတင်စာအုပ်နှင့်အတူ ပူးတွဲထိန်းသိမ်းထားရှိရမည်။

၁၇။ ထိမ်းမြားခြင်းဆိုင်ရာ စာတမ်းအမှတ်အသားများ၏ တာဝန်ခံမိတ္တူများကို ရလိုကြောင်းသတ်မှတ်ထားသည့် အခကြေးငွေကို သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ပေးသွင်းပြီးလျှောက်ထားပါက မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၈။ ဤဥပဒေအရ ထိမ်းမြားခြင်းနှင့်ဆိုင်သည့် စာတမ်းအမှတ်အသားများ၏ တာဝန်ခံမိတ္တူများတွင် ပါရှိသည့် အကြောင်းအရာများသည် မှန်သည်ဟု သက်သေခံအဖြစ် လက်ခံရမည်။ နောက်ထပ်သက်သေထင်ရှားပြရန်မလို။

## အခန်း (၄)

## ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ား လိုက်နာရမည့်အချက်များ

၁၉။ ဤဥပဒေအရ ထိမ်းမြားခဲ့သည့် သို့မဟုတ် ထိမ်းမြားခဲ့သည်ဟု မှတ်ယူခြင်းခံရသည့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ားသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမ၏ ယုံကြည်ကိုးကွယ်မှုနှင့် စပ်လျဉ်း၍ -

(က) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမအား ၎င်းသက်ဝင်ယုံကြည်သည့်ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုရမည်။

(ခ) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမနှင့်ရရှိသည့်သားသမီးများအား ၎င်းတို့သဘောဆန္ဒအတိုင်း သက်ဝင်ယုံကြည်ရာဘာသာကို လွတ်လပ်စွာကိုးကွယ်ခွင့်ပြုရမည်။

(ဂ) လင်နှင့်မယားတို့ နေထိုင်သည့်အိမ်တွင် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမက ဗုဒ္ဓရုပ်ပွားတော်များ၊ ဗုဒ္ဓပုံတော်များ၊ စေတီပုထိုးပုံတော်များ၊ ဗုဒ္ဓဘာသာရဟန်းသံဃာပုံတော်များ၊ ဗုဒ္ဓဘာသာနှင့်သက်ဆိုင်သော အသုံးအဆောင်ပစ္စည်းများကို ထားရှိခွင့်၊ ကိုးကွယ်ခွင့်ပြုရမည်။

(ဃ) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမက အလှူဒါနပြုလုပ်ခြင်း၊ ဘုရားရှိခိုးခြင်း၊ တရားဓမ္မနှင့်ပရိတ်ရွတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ တရားနာခြင်း၊ တရားထိုင်ခြင်း၊ ဘုရားကျောင်းကန်များသို့သွားရောက်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ဗုဒ္ဓစာပေများ၊ ကျမ်းဂန်များထားရှိလေ့လာဖတ်ရှုခြင်း၊ ကြည့်ရှုခြင်း၊ နာကြားခြင်း၊ ဗုဒ္ဓဘာသာဆိုင်ရာ ဆောင်ရွက်မှုတို့ကို ခွင့်ပြုရမည်။

(င) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမ၏ ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်မှုကို တစ်နည်းနည်းဖြင့် စွန့်လွှတ်စေပြီး မိမိကိုးကွယ်ရာဘာသာသို့ဖြစ်စေ၊ အခြားဘာသာတစ်မျိုးမျိုးသို့ဖြစ်စေ ကူးပြောင်းကိုးကွယ်စေမှု မပြုရ။

(စ) ဗုဒ္ဓဘာသာကိုစော်ကားရန်အကြံဖြင့် မိန်းမကိုးကွယ်ဝတ်ပြုသောနေရာကိုသော်လည်းကောင်း၊ အထွတ်အမြတ်ထားသော အရာဝတ္ထုကိုသော်လည်းကောင်း ဖျက်ဆီးရန် သို့မဟုတ် ပျက်စီးနစ်နာစေရန် သို့မဟုတ် ယုတ်ညံ့စေရန် မပြုရ။

(ဆ) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမ၏ ဘာသာရေးသက်ဝင်ယုံကြည်မှုကို စကားဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အမူအရာဖြင့်ဖြစ်စေ စော်ကားခြင်းမပြုရ။

(ဇ) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမကွယ်လွန်သည့်အခါ ၎င်းအား ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းစဉ်လာအရ ဆောင်ရွက်သင်္ဂြိုဟ်ခြင်းကို ခွင့်ပြုရမည်။

၂၀။ အခြားတည်ဆဲဥပဒေ သို့မဟုတ် ဓလေ့ထုံးတမ်းက မည်သို့ပင်ဆိုစေကာမူ ဤဥပဒေအရထိမ်းမြားခဲ့သည့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားသည် ပုဒ်မ ၁၉ တွင်ပြဋ္ဌာန်းထားသည့် အချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက မြန်မာဗုဒ္ဓဘာသာဝင်မိန်းမက ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားကို ကွာရှင်းနိုင်သည်။ ထိုအကြောင်းကြောင့် ထိုမိန်းမက ထိုယောကျ်ားကို ကွာရှင်းလျှင် -

(က) ထိုယောကျ်ားသည် လင်မယားနှစ်ဦးပိုင်ပစ္စည်းများမှ မိမိ၏အစုကိုစွန့်လွှတ်ရမည့်အပြင် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမအား ဆုံးရှုံးနစ်နာမှုအတွက် လျော်ကြေးပေးရမည်။

(ခ) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမသည် သားသမီးအားလုံးကို အုပ်ထိန်းခွင့်ရှိရမည်။

(ဂ) ထိုယောကျ်ားသည် အရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ်ပေးရမည်။

## အခန်း (၅)

## ဤဥပဒေအရ ထိမ်းမြားခဲ့သည်ဟု မှတ်ယူရခြင်း

၂၁။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားက မြန်မာဗုဒ္ဓဘာသာဝင်မိန်းမကို ထိမ်းမြားရန်ကတိပြုလျှင် ထိုယောကျ်ားသည် ထိုမိန်းမကို ဤဥပဒေအရထိမ်းမြားရန် ကတိပြုသည်ဟု မှတ်ယူရမည်။

၂၂။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးနှင့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦးတို့ ပေါင်းဖက်နေထိုင်ပြုမူကြပုံသည် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ လင်မယားအရာမြောက်မည့်ပေါင်းဖက်နေထိုင်ပြုမူကြပုံမျိုးဖြစ်လျှင် -

(က) ထိုသူတို့သည် ထိုသို့ပေါင်းဖက်စကပင် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည့်ပြင် ဤဥပဒေအရ ထိမ်းမြားခဲ့သည်ဟုလည်း မှတ်ယူရမည်။

(ခ) ထိုလင်မယားသည် စတင်ပေါင်းဖက်သည့်နေ့မှစ၍ မည်သည့်ကာလတွင်မဆို ဤဥပဒေအရ တစ်ဦးဦးက ထိမ်းမြားမှုသက်သေခံလက်မှတ်ထုတ်ပေးရန် မှတ်ပုံတင်အရာရှိထံလျှောက်ထားနိုင်

သည်။ ယင်းသို့လျှောက်ထားလာပါက မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၄ အရ ထိုသူတို့ကို မိမိက ထိမ်းမြားပေးဘိသကဲ့သို့ ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၆ တွင်သတ်မှတ်ထားသည့်အတိုင်းဆောင်ရွက်ရမည်။

## အခန်း (၆)

## မှတ်ပုံတင်အရာရှိက ထိမ်းမြားပေးခြင်း

၂၃။ (က) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးတို့သည် ဤဥပဒေအရ မှတ်ပုံမတင်ဘဲ ပေါင်းဖက်လျက်ရှိလျှင် မိန်းမနေထိုင်ရာဒေသရှိ မှတ်ပုံတင်အရာရှိထံ မိန်းမ သို့မဟုတ် ၎င်း၏မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုးတစ်ဦးဦးက ထိုအကြောင်းကို သတင်းပေးနိုင်သည်။ မှတ်ပုံတင်အရာရှိသည် သတင်းပေးချက်ကို ရေးမှတ်ထားပြီး သတင်းပေးသူကို လက်မှတ်ရေးထိုးစေရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် -

(၁) ပုဒ်မခွဲ (က) အရ သတင်းပေးချက်ကိုရရှိသည့်အခါ သတင်းပေးချက်ကိုရေးမှတ်ပြီး သတင်းပေးသူအား လက်မှတ်ရေးထိုးစေခြင်း၊ မှတ်ပုံမတင်ဘဲပေါင်းဖက်လျက်ရှိသော မြန်မာဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတို့ကို သတ်မှတ်သည့် နေ့ရက်တွင် လာရောက်ရန် ဆင့်ခေါ်ရမည်။

(၂) ပုဒ်မခွဲငယ် (၁) အရ ဆင့်ခေါ်ခြင်းခံရသူနှစ်ဦးလုံးက ထိမ်းမြားခြင်းကို မှတ်ပုံတင်ရန် ဆန္ဒရှိပါက ပုဒ်မ ၁၄ ပါနည်းလမ်းအတိုင်း ထိမ်းမြားပေးပြီး ပုဒ်မ ၁၅ နှင့် ၁၆ တို့နှင့်အညီ ဆောင်ရွက်ရမည်။

(၃) ပုဒ်မခွဲငယ် (၁) အရ ဆင့်ခေါ်ခြင်းခံရသူတစ်ဦးကဖြစ်စေ၊ နှစ်ဦးလုံးကဖြစ်စေ ထိမ်းမြားခြင်းကို မှတ်ပုံတင်ရန်ဆန္ဒမရှိလျှင် သို့မဟုတ် လာရောက်ခြင်းမရှိလျှင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ)အရ စီရင်ပိုင်ခွင့် အာဏာရတရားရုံးသို့ သတင်းပေးချက်နှင့်အတူ အစီရင်ခံစာ ပေးပို့ရမည်။

(ဂ) အခြားတည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ တရားရုံးသည် အစီရင်ခံစာကိုရရှိသော အခါ နည်းလမ်းတကျစွဲဆိုသည့် တရားမအထွေထွေမှုဖြစ်ဘိသကဲ့သို့ နှစ်ဖက်အမှုသည်များကို လည်းကောင်း၊ ၎င်းတို့တင်ပြသည့် သက်သေခံချက်ကိုလည်းကောင်း စစ်ဆေးကြားနာပြီးနောက် ထိုသူတို့သည် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က)အရ ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း အမိန့်ချမှတ်ရမည်။ စရိတ်နှင့်စပ်လျဉ်း၍ တရားရုံးကသင့်သည်ထင်မြင်သည့်အမိန့်ကို ချမှတ် နိုင်သည်။

(ဃ) ပုဒ်မခွဲ (က) အရ ပေါင်းဖက်လျက်ရှိသူ -

(၁) တစ်ဦးဦးက ထိမ်းမြားခြင်းကို မှတ်ပုံမတင်လိုသည့်အမှုတွင် မှတ်ပုံတင်လိုသူအား တရားလို ဟူ၍လည်းကောင်း၊ မှတ်ပုံမတင်လိုသူအား တရားပြိုင်ဟူ၍လည်းကောင်း မှတ်ယူရမည်။

(၂) နှစ်ဦးလုံးက ထိမ်းမြားခြင်းကို မှတ်ပုံမတင်လိုသည့်အမှုတွင် သတင်းပေးသူအား တရားလို ဟူ၍လည်းကောင်း၊ မှတ်ပုံမတင်လိုသူနှစ်ဦးအား တရားပြိုင်များဟူ၍လည်းကောင်း မှတ်ယူ ရမည်။

(င) တရားရုံးသည် အမိန့်မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ချက်ချင်းပေးပို့ရမည်။

(စ) တရားရုံးက ထိုယောကျ်ားနှင့်မိန်းမတို့သည် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) အရ ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း အမိန့်ချမှတ်လျှင် မှတ်ပုံတင်အရာရှိသည် တရားရုံးအမိန့်အတိုင်း ထိမ်းမြားမှုသက်သေခံ မှတ်ပုံတင်စာအုပ်တွင် သက်ဆိုင်သည့်အကြောင်းအရာများကိုရေးသွင်း၍ လက်မှတ်ထိုးပြီးနောက် ပုဒ်မ ၁၆ တွင် သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ရမည်။

(ဆ) မြို့နယ်တရားရုံးက ချမှတ်သောအမိန့်ကို ဥပဒေနှင့်အညီ အယူခံပိုင်ခွင့်ရှိသည်။

## အခန်း (၇)
## ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် အိမ်ထောင်ရေးကိစ္စများကို မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ဆုံးဖြတ်ခြင်း

၂၄။ ဤဥပဒေအရ ထိမ်းမြားသူ သို့မဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့နှင့် ၎င်းတို့၏ တရားဝင်လင်၊ တရားဝင်မယားနှင့် တရားဝင်သားသမီးအားလုံး၏ ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့် အခွင့်အရေးများနှင့်စပ်လျဉ်းသည့် ကိစ္စအားလုံးကို မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ဆုံးဖြတ်ရမည်။

၂၅။ လင်မယားကွာရှင်းမှု၊ ပစ္စည်းခွဲဝေမှုနှင့် သားသမီးထိန်းသိမ်းမှုတို့နှင့် သက်ဆိုင်သည့် မြန်မာဓလေ့ ထုံးတမ်းဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ ထိမ်းမြားကြသူ သို့မဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့အပေါ် အာဏာသက်ရောက်ရမည်။

၂၆။ ဟိန္ဒူဘာသာ၊ ဆစ်(ခ်)ဘာသာ၊ ဂျိန္နဘာသာတစ်ရပ်ရပ်ကို ကိုးကွယ်သော ပစ္စည်းမခွဲဝေရသေးသည့် မိသားစုဝင်ယောကျ်ားသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဤဥပဒေအရ ထိမ်းမြားလျှင် သို့မဟုတ် ထိမ်းမြား ခဲ့သည်ဟု မှတ်ယူခြင်းခံရလျှင် ထိုသူသည် ထိုမိသားစုမှ ခွဲခွာခဲ့ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။ ထို့ပြင် ပစ္စည်းခွဲဝေခြင်းမပြုမီ ထိုသူသေဆုံးလျှင် ၎င်းပိုင်သည့် ဆိုင်ရာဆိုင်ခွင့်သည် ထိုသူ၏ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမနှင့် သားသမီးများသို့ သက်ရောက်ရမည်။

၂၇။ ဘာသာရေး ဓလေ့ထုံးတမ်းတစ်ခုခုကဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်ကဖြစ်စေ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးအား မြန်မာဗုဒ္ဓဘာသာဝင် မိန်းမတစ်ဦးနှင့် လင်မယားအဖြစ် ပေါင်းဖက်နေခြင်းကို ခွင့်မပြုသည့်အကြောင်းကြောင့် ယောကျ်ားက မိန်းမကို ကွာရှင်းလျှင် သို့မဟုတ် စွန့်ခွာလျှင် သို့မဟုတ် ကိုယ်ထိလက်ရောက် ညှဉ်းပန်းနှိပ်စက်ရာ ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ရက်စက်သည့် အပြုအမူအားဖြင့် စိတ်ဆင်းရဲအောင်ပြုလျှင် သို့မဟုတ် အကြမ်းဖက်မှုပြုလျှင် အဆိုပါဘာသာရေး ဓလေ့ ထုံးတမ်း သို့မဟုတ် ဥပဒေက မည်သို့ပင် ဆိုစေကာမူ -

(က) ယောကျ်ားသည် နှစ်ဦးပိုင်ပစ္စည်းများမှ မိမိရထိုက်သောအစုကိုစွန့်လွှတ်ရမည့်အပြင် ဗုဒ္ဓဘာသာဝင် မိန်းမအား ဆုံးရှုံးနစ်နာမှုအတွက် လျော်ကြေးပေးရမည်။

(ခ) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမသည် သားသမီးအားလုံး အုပ်ထိန်းခွင့်ကို ရရှိရမည်။

(ဂ) ယောကျ်ားသည် အရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ်ပေးရမည်။

၂၈။ ဗုဒ္ဓဘာသာဝင်မဟုတ်သော နိုင်ငံသားမိန်းမတစ်ဦးသည် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားနှင့် လင်မယားအဖြစ် ပေါင်းဖက်နေစဉ် ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်လျှင် ၎င်းတို့သည် ဤဥပဒေအရ ထိမ်းမြားဘိသကဲ့သို့ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များသည် ၎င်းတို့နှင့် သက်ဆိုင်ရမည်။

၂၉။ မိန်းမက ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်သည့်အခါ ယောကျ်ား၏ ဘာသာရေးဓလေ့ထုံးတမ်း တစ်ခုခုကဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်ကဖြစ်စေ ယောကျ်ားအား ထိုဗုဒ္ဓဘာသာဝင်မိန်းမနှင့် လင်မယားအဖြစ် ပေါင်းဖက်နေခြင်းကို ခွင့်မပြုသည့်အကြောင်းကြောင့် ယောကျ်ား သို့မဟုတ် မိန်းမက ကွာရှင်းလိုလျှင် ဗုဒ္ဓဘာသာသို့ ထိုမိန်းမကူးပြောင်း ကိုးကွယ်သည့်ကာလအပိုင်းအခြားအတွင်း ကွာရှင်းနိုင်သည်။ ထိုအကြောင်းကြောင့် -

(က) ယောကျ်ားက မိန်းမကို ကွာရှင်းလျှင် -

(၁) ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခြင်းမပြုမီက မိန်းမနေထိုင်ရသည့် အတန်းအစားအခြေ အနေအောက် မလျော့သော အခြေအနေတွင် ဆက်လက်နေထိုင်နိုင်သည့် လုံလောက်သော လစဉ်စရိတ်ကို မိန်းမက နောက်ထပ် ထိမ်းမြားခြင်းမပြုသမျှ ကာလပတ်လုံး ယောကျ်ားက မိန်းမအား ပေးရမည်။

(၂) မိန်းမသည် ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခြင်းမပြုမီက မိန်းမတစ်ဦးတည်းပိုင်ဖြစ်သော ပစ္စည်းအားလုံးကို မိန်းမက ရခွင့်ရှိရမည်။ သို့ရာတွင် ထိုသို့ ကူးပြောင်းကိုးကွယ်ခြင်းမပြုမီက ယောကျ်ားတစ်ဦးတည်းပိုင်ဖြစ်သော မည်သည့်ပစ္စည်းကိုမျှ မိန်းမကရခွင့်မရှိစေရ။

(၃) မိန်းမသည် အရွယ်မရောက်သေးသည့် သားသမီးအားလုံး အုပ်ထိန်းခွင့်ကို ရရှိရမည်။

(၄) ယောကျ်ားသည် အရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ်ပေးရမည်။

(ခ) မိန်းမက ယောကျ်ားကို ကွာရှင်းလျှင် -

(၁) မိန်းမက ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခြင်းမပြုမီ မိန်းမတစ်ဦးတည်းပိုင်ဖြစ်သော ပစ္စည်းမှတစ်ပါး ယောကျ်ားတစ်ဦးတည်းပိုင်သော မည်သည့်ပစ္စည်းကိုမျှ မိန်းမက ရခွင့်မရှိစေရ။

(၂) မိန်းမသည် အရွယ်မရောက်သေးသည့် သားသမီးအားလုံး အုပ်ထိန်းခွင့်ကို ရရှိရမည်။

(၃) ယောကျ်ားသည် အရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ်ပေးရမည်။

၃၀။ ပုဒ်မ ၂၅ မှ ပုဒ်မ ၂၉ အထိ ပြဋ္ဌာန်းချက်များသည် မြန်မာဗုဒ္ဓဘာသာဝင် မိန်းမနှင့် ၎င်း၏ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတို့ဖြစ်ပွားသော လင်မယားကွာရှင်းမှုကိစ္စ သို့မဟုတ် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားက မြန်မာဗုဒ္ဓဘာသာဝင်မိန်းမကို စွန့်ခွာသည့်ကိစ္စ သို့မဟုတ် ကိုယ်ထိလက်ရောက် ညှဉ်းပန်းနှိပ်စက်ရာ ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ရက်စက်သည့် အပြုအမူအားဖြင့် စိတ်ဆင်းရဲအောင်ပြုသည့်ကိစ္စ သို့မဟုတ် အကြမ်းဖက်မှုပြုသည့်ကိစ္စအားလုံးတို့နှင့် သက်ဆိုင်ရမည်။

၃၁။ ဤဥပဒေအရ ထိမ်းမြားလျှင် သို့မဟုတ် ထိမ်းမြားသည်ဟု မှတ်ယူခြင်းခံရလျှင် ထိုသူနှစ်ဦးမှ မွေးဖွားသော သားသမီးများသည် တရားဝင်သားသမီးများဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း (၈)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၂။ မည်သူမဆို ပုဒ်မ ၁၁ သို့မဟုတ် ပုဒ်မ ၁၃ အရ ကန့်ကွက်ခြင်းကို သဘောရိုးဖြင့် ပြုလုပ်ခြင်း မဟုတ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

